**မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၊ ကချင်အမျိုးသမီးအစည်းအရုံး-ထိုင်းနိုင်ငံနှင့် လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်-မြန်မာနိုင်ငံတို့မှ ပူးတွဲထုတ်ပြန်သည့် "ခုခံတွန်းလှန်ခြင်း" အစီရင်ခံစာတွင် မြန်မာနိုင်ငံရှိ အမျိုးသမီးများအတွက် တရားမျှတမှု ရရှိရန် တောင်းဆိုလိုက်သည်။**

**၂၀၂၂ ခုနှစ် မတ်လ ၈ ရက်**

နိုင်ငံတကာအမျိုးသမီးများနေ့တွင် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM), ကချင်အမျိုးသမီးအစည်းအရုံးထိုင်းနိုင်ငံ (KWAT) နှင့် လူ့အခွင့်အရေး မှတ်တမ်းကွန် ရက်-မြန်မာနိုင်ငံ (ND-Burma) တို့မှ ***"ခုခံတွန်းလှန်ခြင်း": "စစ်အာဏာသိမ်းပြီးချိန်မှ ၄ စ၍ တနှစ်အတွင်း မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ ရဲစွမ်းသတ္တိကို စမ်းသပ်မှု"*** ဆိုသည့် ပူးတွဲစာတန်းကို ထုတ်ပြန်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှဆိုလျှင် ၁၃ လတာကြာမြင့်ပြီးနောက် မြန်မာပြည်သူများ၏ အခြေခံအခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို စစ်အာဏာ ရှင်များမှ အလျှင်အမြန် လုယူလိုက်ကြသည်။ မြန်မာစစ်တပ်မှ အတင်း အဓမ္မထောင်နှင့်ချီဖမ်းဆီးမှုနှင့် ရာနှင့်ချီ သတ်ဖြတ်ခံရမှုတွင် အမျိုးသမီးများ လည်း ပါဝင်ကြသည်။ ပြည်သူလူထု၏ ဘဝလုံခြုံစိတ်ချဘေးကင်းမှုမရှိသည်မှာ လပေါင်းများစွာ ရှိပြီဖြစ်သည်။ ပြည်သူလူထု၏ အသက်အိုးအိမ်အပေါ် အကြီးအကျယ် ခြိမ်းခြောက် အန္တရာယ် ပြုနေ သော်လည်း နွေဦးတော်လှန်ရေး သည် စစ်အာဏာရှင်တို့အောက် ဒူးမထောက် ဦးမညွတ်ဆန့်ကျင်သူများအား စုစည်း၍ ဆက်လက်တိုက်ပွဲဝင်လျှက်ရှိသည်။

မြန်မာတဝှန်းလုံးရှိ အမျိုးသမီးများသည် တန်းတူညီမျှမှုနှင့် ကဏ္ဍတိုင်းတွင် အနည်းဆုံး အမျိုးသမီး ၃၀ ရာခိုင်နှုန်း ကိုယ်စားပြုခွင့်ရရန် မမောနိုင် မပန်းနိုင် စည်းရုံးလှုံ့ဆော်လျှက်ရှိကြသည်။ အာဏာသိမ်းပြီး ချိန်မှစ၍ တိုင်းပြည်တဝန်း အမျိုးသမီးခေါင်းဆောင်များသည် ဆန္ဒပြပွဲများကို ဦးဆောင်ခြင်း၊ စစ်အာ ဏာသိမ်းမှု ဆန့်ကျင်ရေးဆန္ဒပြပွဲများကို စီစဥ်ခြင်းနှင့် ထွက်ပြေးတိမ်းရှောင်ရသည့် မိသားစုများ ဒေသခံ အရပ်သား ကာကွယ်ရေးတပ်များအား ကူညီထောက်ပံ့ပေးရန် နောက်ကွယ်မှ ဆောင်ရွက်ပေးကြသည်။ ဆရာဝန်၊ ဆေးဝန်းထမ်း၊ ရှေ့နေ၊ ကျောင်းဆရာ၊ ဘဏ်ဝန်ထမ်းများနှင့် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်သူ မျိုးစုံအဖြစ်မှ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်ကြသည်။ ခြိမ်းခြောက်မှု များရှိနေ သော်လည်း မြန်မာပြည်ရှိ အမျိုးသမီးများမှာ ဆက်လက်ခုခံ တွန်းလှန်နေကြဆဲ ဖြစ်သည်။

အရပ်သားများအပေါ် အကြမ်းဖက်မှု အထူးသဖြင့် ကလေးနှင့် အမျိုးသမီးများ၏ ဘဝကို အန္တရာယ်ဖြစ်စေသည့် စစ်ပွဲအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ အမြန်ဆုံးရပ်ဆိုင်းရန် HURFOM, KWAT

နှင့် ND-Burma တို့မှ တောင်းဆိုပါသည်။ အမျိုးသမီးများသည် ၎င်းတို့နေထိုင်ရာ နေအိမ်များတွင် မိသားစုနှင့် အတူရှိနေချိန်တွင်ပင် စစ်အာဏာရှင်တပ်များ၏ သေနတ်ဖြင့်ချိန်၍ ဖမ်းဆီးခံရပြီး စစ်တပ်အချုပ်စခန်းများတွင် ပြင်းထန်ဆိုးရွားသည့် အကြမ်းဖက်မှုများ ခံကြရသည်။ အတင်းအဓမ္မဖမ်းဆီး၊ ထိန်းသိမ်းမှုနှင့် ပျောက်ဆုံးခြင်းများ ပိုမိုများပြားလာသည့် အတွက် အလျင်အမြန်အရေးယူဆောင်ရွက် ခြင်းမရှိပါက စစ်အာဏာရှင်တို့အား ဆန့်ကျင်တော်လှန်နေသည့် အမျိုးသမီးများအတွက် အန္တရာယ် ပို၍ ရှိနေသည်။

**ဆက်သွယ်ရန်**
**ကချင်အမျိုးသမီးအစည်းအရုံးထိုင်းနိုင်ငံသည်(KWAT)**
kwat.office@gmail.com

**မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM)**
auemon@gmail.com

**လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)(ND-Burma)**
NDBoffice@protonmail.com

## မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း(HURFOM)

ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် စစ်မှန်သည့်ငြိမ်းချမ်းရေး ပြန်လည်ထွန်းကားလာစေရန် ရည်ရွယ်ချက်တို့ဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ၁၉၉၅ ခုနှစ် ဇွန်လတွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံမှ ကျောင်းသား လူငယ် မျိုးဆက်များနှင့် ဒေသ တွင်း လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများဖြင့် ဖွဲ့စည်းခဲ့သောလူ့အခွင့်အရေး အဖွဲ့အဖြစ် မြန်မာနိုင်ငံ တောင်ပိုင်းရှိလူ့အခွင့်အရေး အခြေအနေများကို စတင်ဖွဲ့စည်းခဲ့စဉ် ကတည်းက ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီရေး၊ စစ်မှန်သော ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေး အခြေအနေများ တိုးတက်ကောင်းမွန်လာစေရန်အတွက် တိုက်တွန်းလှုံ့ဆော်မှုများ၊ ပညာပေးရေးအစီအစဉ်များ၊ သတင်းအချက်အလက်နှင့် အစီရင်ခံစာ ထုတ်ဝေခြင်းများ ပုံမှန်ဆောင်ရွက်နေသည့် လူ့အခွင့် အရေးဖောင်ဒေးရှင်း ဖြစ်သည်။

**ကချင်အမျိုးသမီးအစည်းအရုံးထိုင်းနိုင်ငံ (KWAT) သည်** အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု၊ အကြမ်းဖက် မှုများ ပပျောက်ရန် အကျိုးအမြတ်မယူဘဲ လုပ်ကိုင်နေ သော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ အမျိုးသမီးများ၏ နေထိုင်ဘဝ တိုးမြှင့်ပေးရန်၊ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင်

ပါဝင်နိုင်စေရန်၊ ကချင်ပြည်နယ်တွင် လူမှုရေး တရားမျှတမှု၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တို့အတွက် လုပ်ဆောင် နေသောအဖွဲ့ဖြစ်သည်။

**လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) (ND-Burma)**

မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့များ လူ့အခွင့်အရေးမှတ်တမ်းပြုခြင်းလုပ်ငန်းတွင် ပူးပေါင်း ဆောင်ရွက်ရေးအတွက် နည်းလမ်းတရပ်ဖြည့်ဆည်းပေးသော အားဖြင့် (၂၀၀၄)ခုနှစ်တွင် လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်(မြန်မာနိုင်ငံ)ကိုဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ND-Burma ၏ အဖွဲ့ဝင် ၁၃ ဖွဲ့သည် တိုင်းရင်းသားများ၊ အမျိုးသမီးများ နှင့် လိင်စိတ်ကွဲပြား သူများအား ကိုယ်စားပြုသည်။

ကွန်ရက်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံရှိ လူမှုအသိုင်းအဝိုင်းများတွင် မည့်သို့သော ဒုက္ခဝေဒနာများ ခံစားနေရပုံအကြောင်းအဖြစ်မှန်အမှန်တရားကိုစုပေါင်းအသုံးပြုကာ၊လောလောဆယ် စည်းရုံးတိုက် တွန်းတင်ပြခြင်း နည်းလမ်းဖြင့် စစ်အစိုးရ၏ အာဏာကို စုပေါင်း စိန်ခေါ်ရန် ကြိုးစားနေ ကြပါသည်။

လွတ်လပ်စွာ အခမဲ့သုံးနိုင်သော Open-Source Software ကို အသုံးပြုလျက် အဖွဲ့ဝင်များပေးသော သတင်းအချက်အလက်များကို ညှိနှိုင်းပြီး၊ ဘုံအချက်အလက် ဘဏ်မှာထည့်သွင်းပါသည်။ ထိုအပြင် ပူးတွဲအစီရင်ခံတင်ပြခြင်းနှင့် စည်းရုံးလှုံ့ ဆော်တိုက်တွန်းခြင်း လှုပ်ရှားမှုများကိုလည်း ဆောင်ရွက်ပါသည်။ အခွင့်သင့်ပါက မိမိ၏ လုပ်ငန်း နယ်ပယ်မှန်သမျှတွင် အခြားသော လူ့အခွင့်အရေးအဖွဲ့များနှင့်လည်း ပူးပေါင်းဆောင်ရွက်လျှက်ရှိပါသည်။

အဖွဲ့ဝင်အဖွဲ့အစည်းများ

၁။ ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံး

၂။ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

၃။ လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့

၄။ အနာဂါတ်အလင်းတန်းဆုံမှတ်

၅။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

၆။ ကချင်အမျိုးသမီးများအစည်းအရုံး -ထိုင်းနိုင်ငံ

၇။ တအာင်းအမျိုးသမီးအဖွဲ့အစည်း

၈။ တအာင်းကျောင်းသားလူငယ်များ အဖွဲ့

၉။ ထားဝယ် အမျိုးသမီးသမဂ္ဂ

ဆက်စပ်အဖွဲ့ဝင်းများ

၁။ ချင်းလူ့အခွင့်အရေးအဖွဲ့

၂။ ပဲခူး အရှေ့ - ယခင် နိုင်ငံရေးအကျဉ်းသားဟောင်းများကွန်ရက်

၃။ ပအိုဝ်းလူငယ်များအစည်းအရုံး

၄။ ရှေ့ပြေးအသံ